မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၉

အောက်တိုဘာ ၂၀၂၃

## ယန္တရား၏အကြီးအကဲထံမှ အမှာစာ



ယန္တရားသည် မြန်မာနိုင်ငံတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ ဖြစ်ပွားနေသည်ဟုဆိုသည့် ပေးပို့ချက်အသစ်များကို နေ့စဉ်နီးပါး ရရှိသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သော နှစ်ပတ်လည်အစီရင်ခံစာ နှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ ကျွန်တော်တင်သွင်းခဲ့သည့် စာတမ်း တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း၊ မြန်မာစစ်တပ်သည် အရပ်သားများအပေါ် တိုက်ခိုက်မှုများကို ပိုမိုရဲရဲတင်းတင်းနှင့် အကြိမ်ရေများစွာ ကျူးလွန်နေကြောင်း ဖော်ပြသည့် အထောက်အထားများစွာကို ယန္တရားကစုဆောင်းထားသည်။ အဆိုပါတိုက်ခိုက်မှုများတွင် ကျေးရွာများကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်း၊ လေကြောင်းမှ ဗုံးကြဲခြင်းနှင့် အစုလိုက်အပြုံလိုက် ကွပ်မျက်ခြင်းများ ပါဝင်ကြောင်း ပေးပို့ချက်များနှင့် အချက်အလက်များ က ဖော်ပြသည်။ နိုင်ငံတကာဥပဒေအရ စစ်တပ်အာဏာပိုင်များသည် ၎င်းတို့ ကွပ်ကဲမှုအောက်တွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေးရန်အတွက် သင့်လျော်သည့်စီမံဆောင်ရွက်မှုများ လုပ်ဆောင်ရန်တာဝန်ရှိသည်။ သို့သော်လည်း ယင်းဖြစ်ရပ်များအား စုံစမ်းစစ်ဆေးနေသည်ဟု ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း အစီရင်ခံစာတွင် မှတ်သားဖော်ပြထားသည်။

ယန္တရားက စုဆောင်းထိန်းသိမ်းထားသည့် အထောက်အထားများသည် သိမ်းဆည်းသိုမှီးထားရန် သက်သက် မဟုတ်ဘဲ၊ တရားမျှတမှု ဖြစ်ထွန်းရေးလုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။ ယန္တရားသည် မကြာသေးမီက ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သော စိစစ်သုံးသပ်ချက် အစီရင်ခံစာသုံးခုကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာများကို နိုင်ငံတကာရာဇဝတ်ခုံရုံး၊ နိုင်ငံတကာတရားရုံးနှင့် အာဂျင်တီးနားတရားရုံးတို့တွင် စစ်ဆေးလျက်ရှိသောအမှုများအား ကိုင်တွယ်ဆောင်ရွက်နေသည့် သက်ဆိုင်ရာ အာဏာပိုင်များထံ မျှဝေသည်။ ဤအစီရင်ခံစာသုံးခုသည် ရခိုင်ပြည်နယ်အတွင်း စစ်တပ်၏ အထက်အောက်အမိန့်ပေးမှုအဆင့်ဆင့်၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အပြစ်ပေးရန် မြန်မာအာဏာပိုင်များ၏ ပျက်ကွက်မှုနှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးအတွင်း မြန်မာစစ်တပ်၏ ဖေ့စ်ဘုတ်ပေါ်တွင် အမုန်းစကားများပျံ့နှံ့စေရန် စနစ်တကျလှုံ့ဆော်မှုများကို အဓိကထား စိစစ်သုံးသပ်သည်။

ကံမကောင်းစွာပင်၊ နိုင်ငံတကာတရားမျှတမှု ဖြစ်ထွန်းရေးလုပ်ငန်းများသည် နှေးကွေးသောဖြစ်စဉ်တစ်ခုဖြစ်ပြီး၊ ထိုသို့ အချိန်ကြာမြင့်ခြင်းက ရာဇဝတ်မှုကျူးလွန်ခံရသူများ ခံစားရသောဒုက္ခကို ပို၍တိုးမြင့်စေသည်ကို ကျွန်တော်နားလည်ပါသည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျရောက်ခဲ့သော သိန်းနဲ့ချီသည့် ရိုဟင်ဂျာများ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည်အထိ ဆိုးရွားသော အကြမ်းဖက်မှုများဖြစ်ပွားခဲ့ခြင်း ခြောက်နှစ်ပြည့် အောက်မေ့ဖွယ်အစီအစဉ်များတွင် ကျွန်တော် ပါဝင်ခဲ့ပါသည်။ ခြောက်နှစ်ကြာပြီဖြစ်သော်လည်း ယင်းရာဇဝတ်မှုများအတွက် မည်သူကမှ တာဝန်ခံမှုမရှိသေးပါ။ ခြောက်နှစ်ဆိုသည်မှာ ရှည်ကြာလွန်းသော အချိန်ဖြစ်သည်။

တရားမျှတမှုရရှိရန် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှု လိုအပ်သည်။ ထို့ကြောင့် ယန္တရားသည် တရားမျှတမှုဖြစ်ထွန်းရေးကို တစိုက်မက်မက် လုပ်ဆောင်နေသည်။ ကျွန်တော်တို့ကို အဖိုးတန်အချက်အလက်များပေးခဲ့ကြသော ရဲရင့်သည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကြောင့် အထောက်အထားများစုဆောင်းနိုင်ပြီး မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သော အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကိုဖော်ထုတ်နိုင်ရန် စိစစ်သုံးသပ်ချက်များ ပြုလုပ်နိုင်သည်။ ကျွန်တော်တို့ပြင်ဆင်ထားသော စိစစ်သုံးသပ်ချက်အစီရင်ခံစာများနှင့် အမှုတွဲများကို နောင်တချိန် တရားရုံးများ သို့မဟုတ် ခုံရုံးများ၌ အမှုစစ်ဆေးရာတွင် အချိန်မရွေး အသုံးပြုနိုင်သည်။ တရားမျှတမှုလုပ်ငန်းစဉ်သည် နှေးကောင်းနှေးနိုင်သည်၊ သို့သော်လည်း ကျွန်တော်တို့ စုဆောင်းစိစစ်သုံးသပ်ထားသော အထောက်အထားတစ်ခုစီတိုင်းသည် ကျူးလွန်သူများကို အပြစ်ပေးအရေးယူနိုင်ရန် ပိုမိုနီးစပ်လာစေသည်။ ကျူးလွန်မှုများအတွက် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် အစဉ်အလာသည် မြန်မာစစ်တပ်ကို ရာဇဝတ်မှုများ ပိုမိုရဲတင်းစွာ ကျူးလွန်ရန် အားပေးနေပြီး၊ ဤအစဉ်အလာကို အဆုံးသတ်နိုင်မည်ဆိုသည့်မျှော်လင့်ချက်က ကျွန်တော်တို့၏အလုပ်များကို စိတ်အားထက်သန်စွာလုပ်ဆောင်ရန် တွန်းအားဖြစ်စေသည်။

**နီကိုလတ်စ် ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း




ယန္တရား၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း၊ ပြီးခဲ့သောနှစ်တွင် လေကြောင်းမှ ဗုံးကြဲမှုနှင့် ပြည်သူများကိုမရှောင်ရှားဘဲတိုက်ခိုက်မှုများ အကြိမ်ရေတိုးလာသောကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားများသေဆုံးခဲ့ရသည့် ခိုင်မာသောအထောက်အထားများကို စုဆောင်းစိစစ်သုံးသပ်ခဲ့သည်။ တရားစစ်ဆေးစီရင်ခြင်းမရှိပဲဖမ်းဆီးထိန်းသိမ်းခံရသူ အရေအတွက် တိုးလာသည်ကို တွေ့ရပြီး၊ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အခြား ဆိုးရွားစွာဆက်ဆံမှုများအကြောင်း ခိုင်လုံသောအထောက်အထားများ ရရှိထားသည်။ နှစ်ပတ်လည် အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ယန္တရားသည် ရိုဟင်ဂျာများ၏ လယ်ယာနှင့် အိုးအိမ်ပိုင်ဆိုင်မှုများကို အတင်းအကြပ်ဖယ်ရှားခြင်းနှင့် သိမ်းယူခြင်းများကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ စသည့် ရင်းမြစ်ပေါင်း ၇၂၅ ခုကျော်ထံမှ အချက်အလက်နှင့် အထောက်အထားများ စုဆောင်းရရှိထားသည်။ ယန္တရားသည် ရာဇဝတ်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့သူများ၏ ပြောပြချက်များကို တိုးမြှင့်စုဆောင်းလျက်ရှိပြီး အသက်ရှင်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများနှင့် စစ်တပ်၏အမိန့်ပေးမှုအကြောင်းသိသူများ၏ သက်သေထွက်ဆိုချက် ၂၆၀ ကျော်ကို စုဆောင်းရရှိခဲ့သည်။ ယန္တရားသည် သက်သေများ၏ ဘေးကင်းမှု၊ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုနှင့် ကျန်းမာရေးကောင်းမွန်မှု ရှိစေရန် တတ်နိုင်သမျှ နည်းလမ်းများအားလုံးကို လုပ်ဆောင်လျက်ရှိသည်။

အချက်အလက်နှင့်အထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် ဆန်းသစ်သောနည်းပညာများ အသုံးပြုခြင်းဖြင့် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများ ပိုမိုမြန်ဆန်စေသည်။ အဆိုပါ နည်းပညာသစ်များ ကြောင့်သက်ဆိုင်ရာတရားရေးအာဏာပိုင်များနှင့် မျှဝေနိုင်သည့် အမှုတွဲအရေအတွက် တိုးလာသည်။ ယခုအခါ အချက်အလက်နှင့်စိစစ်သုံးသပ်မှု အတွဲပေါင်း ၁၆၀ ကျော်ကို မျှဝေရန် အသင့်ပြင်ဆင်ပြီး ဖြစ်သည်။

**၇၂၅**

ရင်းမြစ်ပေါင်း ၇၂၅ ခု ကျော်မှ အချက်အလက် နှင့်အထောက်အထားများ စုဆောင်းပြီးဖြစ်သည်။

**၂၆၀**

သက်သေအင်တာဗျူး နှင့် စစ်ဆေးချက် ၂၆၀ ကျော် ဆောင်ရွက်ပြီး ဖြစ်သည်။

**၁၆၀**

သက်ဆိုင်ရာအာဏာပိုင်များ နှင့်မျှဝေရန် အချက်အလက် နှင့်စိစစ်သုံးသပ်မှုအတွဲ ပေါင်း ၁၆၀ ကျော် ပြင်ဆင် ပြီးဖြစ်သည်။



The Mechanism at the 54th session of the UN Human Rights Council © UN

## လူ့အခွင့်အရေးကောင်စီ

စက်တင်ဘာလတွင် ယန္တရား၏ အကြီးအကဲသည် ယန္တရား၏ ဆောင်ရွက်ချက်များ၊ တရားမျှတမှုဖြစ်ထွန်းရေးနှင့် တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းတိုးတက်မှုများကို ၅၄ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် အစီရင်ခံတင်ပြခဲ့သည်။ နောက်ဆက်တွဲကျင်းပသည့် အပြန်အလှန်ဆွေးနွေးပွဲ တွင် အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ယန္တရား၏ လုပ်ငန်းများအပေါ် အားပေးထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ အထူးသဖြင့် ယန္တရား၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဒိုင်ယာလော့ မှတဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းကို ထောက်ခံကြသည်။

အောက်တိုဘာ ၂၃ ရက်တွင် ယန္တရားအကြီးအကဲသည် ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် ယန္တရား၏လုပ်ငန်းတိုးတက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမည်ဖြစ်သည်။ အကြီးအကဲသည် နယူးယောက်တွင် ရောက်ရှိနေစဉ် အဖွဲ့ဝင်နိုင်ငံများနှင့် အခြားမိတ်ဖက်အဖွဲ့များကိုလည်း လုပ်ငန်းတိုးတက်မှုများ ရှင်းလင်းတင်ပြရန်စီစဉ်ထားပြီး၊ ယန္တရား၏လုပ်ငန်းများ ပိုမိုထိရောက်တိုးတက်စေရန် နောက်ထပ်ပံ့ပိုးကူညီမှုနှင့် အရင်းအမြစ်များရရှိရေး ကြိုးပမ်းမည်ဖြစ်သည်။

## လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများ

လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းသည် ယန္တရား၏ အမြင့်ဆုံးဦးစားပေး လုပ်ငန်းတစ်ခုဖြစ်သည်။ ယနေ့အထိ စုဆောင်းရရှိထားသော အထောက်အထားများအရ ရိုဟင်ဂျာ ရှင်းလင်း စစ်ဆင်ရေးများအတွင်း ဤအကြမ်းဖက်မှုအမျိုးအစား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့ပြီး ဂျင်ဒါအားလုံးအပေါ် ကျူးလွန်မှုများရှိခဲ့ကြောင်း ပြသနေသည်။ ယန္တရားသည် ဤရာဇဝတ်မှုများအတွက် မတူကွဲပြားသော ဂျင်ဒါနှင့် လိင်စိတ်တိမ်းညွတ်မှုရှိသူများ အပါအဝင်၊ မကြာခဏ လျစ်လျူရှုခံရသည့် ထိခိုက်နစ်နာသူများ သို့မဟုတ် သက်သေများကို ရှာဖွေစုံစမ်းသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင်၊ စစ်တပ်က ရွေးကောက်ခံအစိုးရကိုဖြုတ်ချပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် ယန္တရားသည် အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများ၊ ယောကျ်ားလေးများနှင့် မတူကွဲပြားသော ဂျင်ဒါသတ်မှတ်ချက်ရှိသူများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုကျူးလွန်သည့် အထောက်အထားအများအပြားကို ဆက်လက်စုဆောင်းသည်။ ယင်းစုံစမ်းမှုများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည့်ရာဇဝတ်မှုများလည်း ပါဝင်သည်။ အထူးသဖြင့် ဤရာဇဝတ်မှုများ၏ ရက်စက်ကြမ်းကြုတ်မှုအနေအထားကြောင့် ကျူးလွန်သူများနှင့် အားပေးကူညီသူများသည် တရားဥပဒေ၏အမြင့်ဆုံးအရေးယူမှုကို တာဝန်ခံရမည်ဖြစ်ပြီး ယင်းအမှုများနှင့် သက်ဆိုင်သည့် အထောက်အထားများသည် ယန္တရား၏စုံစမ်းစစ်ဆေးမှုများတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

## ပူးပေါင်းဆောင်ရွက်ခြင်း

ယန္တရားသည် ယနေ့အချိန်အထိ မြန်မာအာဏာပိုင်များထံ နိုင်ငံတွင်းဝင်ရောက်ခွင့်နှင့် ၎င်းတို့လက်ဝယ်ရှိ အချက်အလက်များမျှဝေရန် ၁၆ ကြိမ်တိုင်တိုင် တောင်းဆိုခဲ့သည်။ ယန္တရား၏ တောင်းဆိုချက်များအား မြန်မာနိုင်ငံမှ တုံ့ပြန်ခြင်း မရှိသေးပါ။ ယန္တရားအားမြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ခွင့်ကို ဆက်လက် ငြင်းဆိုထားသောကြောင့်၊ အဖွဲ့ဝင်နိုင်ငံများနှင့်မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နိုင်ရန်အတွက် အထူးအရေးပါသည်။

အထောက်အထားများနှင့် သက်သေအများအပြား တည်ရှိနေသော အာရှ-ပစိဖိတ် ဒေသအတွင်းရှိအဖွဲ့ဝင်နိုင်ငံ များ၏ နယ်မြေများတွင် သက်သေအင်တာဗျူးများနှင့် အချက်အလက်စုဆောင်းမှုများ လုပ်ဆောင်ရန် ယန္တရားသည် အဆိုပါနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးတိုးမြှင့်ဆောင်ရွက်သည်။ အဖွဲ့ဝင်နိုင်ငံ အများအပြားက ယန္တရားနှင့်ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ သက်ဆိုင်ရာ ဥပဒေရေးရာပူးပေါင်း ဆောင်ရွက်မှုမူဘောင်များကို အချိန်မီလက်ခံအတည်ပြုရေး ကြိုးပမ်းဆောင်ရွက်မှုများကို ယန္တရားက ကြိုဆိုပါသည်။

# လူထုဆက်ဆံရေးလုပ်ငန်းများ

ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကို လူအများပိုမိုနားလည်လာစေရန်နှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ဆက်သွယ်ရေးလမ်းကြောင်းများစွာကို အသုံးပြုသည်။ ယန္တရား၏ ဝဘ်ဆိုဒ်၊ ဖေ့စ်ဘုတ်စာမျက်နှာ၊ မီဒီယာနှင့် ထိတွေ့မှုများအပြင် အများပြည်သူတတ်ရောက်သည့် ပွဲများ၊ တံခါးပိတ်ဆွေးနွေးပွဲများနှင့် ရှင်းလင်းတင်ပြချက်များမှတဆင့် မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှုရရှိရေးလုပ်ငန်းများကို စိတ်ဝင်စားသူများနှင့် ထိတွေ့ဆက်ဆံသည်။

## မီဒီယာဖော်ပြမှု

ယန္တရား၏ နောက်ဆုံး နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်မှုအတွက် ကုလသမဂ္ဂ ဂျီနီဗာသတင်းအဖွဲ့သို့ ရှင်းလင်း ပြောကြားခြင်း၊ BBC Newshour၊ TRT World နှင့် Radio Free Asia (မြန်မာပိုင်း) အပါအဝင် ကမ္ဘာနှင့် ဒေသဆိုင်ရာ မီဒီယာများနှင့် အင်တာဗျူးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။ ယန္တရား၏ အကြီးအကဲသည် Sky News ၊ The Washington Post တို့နှင့် အင်တာဗျူးများတွင် တရားမျှတမှုဖြစ်ထွန်းရေးနှင့် တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များအကြောင်း အထူးအလေးပေး ဖြေကြားခဲ့သည်။





## ဖေ့စ်ဘုတ်

ယန္တရားနှင့် ပတ်သက်ပြီး မေးစရာများ ရှိပါသလား။ ဖေ့စ်ဘုတ် မှာရေးပြီး မေးနိုင်ပါသည်။ ယခုလမှစပြီး၊ ဖေ့စ်ဘုတ်သုံးစွဲသူများသည် မိမိတို့ သိလိုသောမေးခွန်းများကို ယန္တရားထံ ပေးပို့နိုင်သည်။ ပေးပို့လာသောမေးခွန်းများကို ယန္တရား၏ဝန်ထမ်းများမှ ဖြေကြားပေးမည်ဖြစ်သည်။ အောက်တိုဘာလကုန်ပိုင်းတွင် ယန္တရား၏အကြီးအကဲသည် ပထမဆုံးရရှိထားသည့် မေးခွန်းများကို ဗီဒီယိုဖြင့် ဖြေကြားမည်။ ဆက်လက် နားစွင့်ပေးပါ။



# တရားစွဲဆိုမှုနှင့် တရားစီရင်ရေးအာဏာပိုင်များအတွက် စိစစ်သုံးသပ်ချက် အစီရင်ခံစာများ



ယန္တရားသည် ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်များတွင် ရိုဟင်ဂျာများ အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သည့် စိစစ်သုံးသပ်ချက်အစီရင်ခံစာသုံးခုကို လက်ရှိ တရားစွဲဆိုမှုများ ဆောင်ရွက်နေသော နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနားတရားရုံးတို့ထံ မျှဝေပါသည်။

## ဖေ့စ်ဘုတ်ပေါ်ရှိ ရိုဟင်ဂျာဆန့်ကျင်ရေးအမုန်းစကားများ- အကြောင်းအရာနှင့်ချိတ်ဆက်မှုများ စိစစ်သုံးသပ်ချက်

ဤအစီရင်ခံစာတွင် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ရှင်းလင်းစစ်ဆင်ရေးလုပ်ငန်းများ မလုပ်ဆောင်မီ၊ လုပ်ဆောင်စဉ်နှင့်လုပ်ဆောင်ပြီးကာလများတွင် ဖေ့စ်ဘုတ်၌ ရေးသားထားသောအကြောင်းအရာများကို လေ့လာသည့် ယန္တရား၏ အကြီးစားစိစစ်သုံးသပ်မှုမှ တွေ့ရှိချက်များကို ဖော်ပြသည်။ အစီရင်ခံစာတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ရိုဟင်ဂျာဆန့်ကျင်ရေးအမုန်းစကားများ ရေးသားသော ဖေ့စ်ဘုတ်အကောင့် ၄၃ ခုရှိ အကြောင်းအရာများကို စစ်ဆေးပြီး အဆိုပါ အကောင့်အချင်းချင်းကြားချိတ်ဆက်မှု၊ မြန်မာစစ်တပ်နှင့် ထိုအကောင့်များကြားချိတ်ဆက်မှုများကို လေ့လာသုံးသပ်သည်။ ယန္တရားမှ စိစစ်သုံးသပ်ထားသော အဆိုပါ ဖေ့စ်ဘုတ်အကောင့်များနှင့်ဆက်စပ်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့များသည် (၁) မြန်မာနိုင်ငံတွင် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ (၂) အကောင့်များ သို့မဟုတ် လူပုဂ္ဂိုလ်များပူးပေါင်းပြီး၊ ၎င်းတို့ ဘယ်သူဘယ်ဝါ သို့မဟုတ် ၎င်းတို့ဘာလုပ်သည်ကို လှည့်စားပြောဆိုကာ 'သတင်းအမှားများစနစ်တကျဖြန့်ဝေခြင်း'ကြောင့် ဖေ့စ်ဘုတ်အဖွဲ့က ယင်းအကောင့်များကို ဖယ်ရှားခဲ့သည်။ ယန္တရားက စိစစ်သုံးသပ်ထားသော ဖေ့စ်ဘုတ်အကောင့်များသည် မြန်မာစစ်တပ်နှင့် တိကျသောဆက်နွှယ်မှုရှိနေပြီး ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးကာလအတွင်း ရိုဟင်ဂျာဆန့်ကျင်ရေးအမုန်းစကားများ ဖြန့်ဝေခဲ့ကြောင်း အစီရင်ခံစာတွင် ကောက်ချက်ချထားသည်။

## ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေးရန် ဆောင်ရွက်မှုများ

ရခိုင်ပြည်နယ်အတွင်းလုပ်ဆောင်ခဲ့သည့် ရှင်းလင်းစစ်ဆင်ရေးအတွင်း ရိုဟင်ဂျာများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များအပေါ် မြန်မာအာဏာပိုင်များ၏ တုံ့ပြန်ချက်ကို ဤအစီရင်ခံစာတွင် ဆန်းစစ်ထားသည်။ မြန်မာအာဏာပိုင်များအနေဖြင့် နိုင်ငံတကာဥပဒေအရ ယင်းရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး အပြစ်ပေးရမည့်တာဝန်ကို လိုက်နာဆောင်ရွက်မှုရှိမရှိ အကဲဖြတ်သည်။ ၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိ တပ်ဖွဲ့ဝင်များက လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ကို မြန်မာအာဏာပိုင်များက သိရှိနေသည့် အထောက်အထားများကို စုဆောင်းစိစစ်သုံးသပ်ပြီး၊ ယင်းရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးရန်နှင့်အပြစ်ပေးရန် မြန်မာအာဏာပိုင်များ၏ လုပ်ဆောင်ချက်များကို ဆန်းစစ်သည်။ မုဒိမ်းမှုများကို စုံစမ်းစစ်ဆေးရန်နှင့်အပြစ်ပေးရန် ပျက်ကွက်ခြင်းသည် နိုင်ငံ၏တာဝန်အပြင် အမိန့်ပေးသူများ၏တာဝန်ဖြစ်ကြောင်း ဤအထောက်အထားများက သက်သေပြနေပြီး ထိုသို့ပျက်ကွက်မှုများသည် လူမျိုးပြုန်းစေမှု၏ အရင်းခံအကြောင်းအရင်းတစ်ခု ဖြစ်လာနိုင်သည်။

## အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုပုံစံ- ၂၀၁၆-၂၀၁၇

ဤအစီရင်ခံစာတွင် ယနေ့အထိ စုဆောင်းရရှိထားသည့် အထောက်အထားများအပေါ် အခြေခံ၍ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာကျေးရွာများတွင် ရှင်းလင်းစစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ သက်ဆိုင်ရာ ကွပ်ကဲမှုပုံစံများကို ဖော်ပြသည်။ သက်သေများ၏ ထွက်ဆိုချက်များ၊ စာရွက်စာတမ်းများနှင့် ပွင့်လင်းရင်းမြစ်များမှ စုဆောင်းရရှိသော အချက်အလက်များကို အခြေခံ၍၊ သက်ဆိုင်ရာတပ်ဖွဲ့များ တည်ရှိနေပုံနှင့် စစ်ဆင်ရေးလုပ်ဆောင်ပုံ၊ ၎င်းတို့၏တပ်မှူးများနှင့် ယင်းတပ်မှူးများက မည်သူ့ထံသတင်းပို့သည်များကို သက်ဆိုင်ရာ အချိန်ကာလအလိုက် ဖော်ပြထားသည်။

# မေးလေ့ရှိသောမေးခွန်းများ

## ယန္တရားက စုဆောင်းထားသော အချက်အလက်များကို ဘယ်လို အသုံးပြုသလဲ။

ယန္တရားသည် ရင်းမြစ်များစွာမှ ရရှိနိုင်သော အချက်အလက်များ မပေါင်းသွားမီ၊ မပျောက်ဆုံးမီ သို့မဟုတ် ဖျက်ဆီးခြင်းမခံရမီ စုဆောင်းထိန်းသိမ်းရန် ကြိုးပမ်းသည်။ အချက်အလက်ပေးသူများ၏ ဘေးကင်းမှုနှင့် ပုဂ္ဂိုလ်ရေးရာလုံခြုံမှုများ သေချာစေရန် အချက်အလက်များကို နောက်ဆုံးပေါ် လျှို့ဝှက်နည်းပညာများကိုအသုံးပြု၍ လုံခြုံသော ဒေတာဘေ့စ်တွင် သိမ်းဆည်းထားသည်။ ဤနည်းပညာသည်အချက်အလက်စီမံခန့်ခွဲသူ အဆင့်ဆင့်၏ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်ထားပြီး တရားရုံးများတွင် အသုံးပြုနိုင်ရန် အထောက်အထား ထိန်းသိမ်းမှုကွင်းဆက်ကို တည်ဆောက်ထားသည်။

ယန္တရား၏ ရှေ့နေများ၊ စုံစမ်း စစ်ဆေးသူများ၊ စိစစ်သုံးသပ်သူများနှင့် အခြား ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အဖွဲ့သည် ဆန်းသစ်သော နည်းလမ်းများနှင့် နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုကာ ရရှိလာသည့် အချက်အလက်များကို အခြား အကြောင်းအရာ အထောက်အထားများ နှင့် တိုက်ဆိုင်စစ်ဆေးပြီး ယုံကြည်စိတ်ချနိုင်ရန် အတည်ပြုသည်။ ထို့နောက် ကျူးလွန်သည်ဟု စွပ်စွဲခံရသူများအပေါ် အမှုတည်ဆောက်ရန် စိစစ်ပြီးသော အချက်အလက်တစ်ခုချင်းစီကို အခြားအထောက်အထားများနှင့်အတူ စုပေါင်းသည်။

နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာတရားရုံးများရှိ သက်ဆိုင်ရာအာဏာပိုင်များသည် ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများကို အထောက်အကူပြုရန် ယန္တရားထံမှ အချက်အလက် သို့မဟုတ် စိစစ်သုံးသပ်ချက်များကို တောင်းဆိုနိုင်သည်။ ယန္တရားသည် နစ်နာသူများနှင့် သက်သေများကို အကာအကွယ်ပေးနိုင်သော အာဏာပိုင်များကိုသာ မျှဝေသည်။ ထို့ပြင် မျှတသော တရားစီရင်ခွင့်ကို အာမခံပြီး အခြားသော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် စံနှုန်းများကို လိုက်နာကာ သေဒဏ်မချမှတ်သည့် တရားရေးအာဏာပိုင်များဖြစ်ရမည်။ အချက်အလက်ပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့်သာ မျှဝေပြီး၊ အာဏာပိုင်များသည် ယန္တရားက ပေးအပ်ထားသော လျှို့ဝှက်စွာ ထားရှိရေးဆိုင်ရာ ကတိကဝတ်များကို လေးစားလိုက်နာရန် သဘောတူရမည်။

ယန္တရား၏ ဝဘ်ဆိုက်တွင် အချက်အလက်များ သိမ်းဆည်းပုံ၊ စိစစ်သုံးသပ်ပုံနှင့် မျှဝေပုံ အကြောင်း ပိုမိုလေ့လာ နိုင်သည်။

## ယန္တရားထံ အချက်အလက်တွေ မျှဝေထားပါသည်။ အကျိုးအကြောင်း သို့မဟုတ် မှတ်ချက်ပြန်လည်ရရှိမလား။

လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် ကြီးမားသည့် အန္တရာယ်များကြားက ယန္တရားထံ အချက်အလက်နှင့် အထောက်အထားများကို မျှဝေကြသည်။
ယင်း အချက်အလက်များသည် စုံစမ်းစစ်ဆေးရေး လုပ်ရာတွင် အဖိုးတန်သည့် သဲလွန်စများ ပေးနိုင်ပြီး၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံထားရသူများအပေါ် အမှုတည်ဆောက်ရာတွင် အကူအညီဖြစ်စေသည်။ ထိုသို့မဟုတ်ပါက အခြားရင်းမြစ်များမှ ရရှိသည့် အချက်အလက်များကို အတည်ပြုရန်အတွက် တိုက်ဆိုင်စစ်ဆေးရာတွင် အသုံးဝင်သည်။

အချက်အလက်ပေးပို့သူများသည် ၎င်းတို့မျှဝေထားသည့်အရာများကို ယန္တရားက မည်သို့ အသုံးပြုသည်ကို သိလိုသည်မှာ သဘာဝကျပါသည်။ ရာဇဝတ်မှုစုံစမ်းစစ်ဆေးခြင်း၏ လျှို့ဝှက်စွာထားရှိရမည့် သဘော သဘာဝအရ၊ ယန္တရားသည် စုံစမ်းစစ်ဆေးမှုများ၏ တိုးတက်မှုဖြစ်စဉ် သို့မဟုတ် ကျူးလွန်သည်ဟု စွပ်စွဲခံရသူများအပေါ် အမှု တည်ဆောက်ရန် ၎င်းတို့ ပေးထားသည့် အချက်အလက်များကို မည်သို့ မည်ပုံ အသုံးပြုထားသည့် အကျိုးအကြောင်း အသေးစိတ်ကို မပြန်ကြားပေးနိုင်ပါ။ သို့သော်လည်း တတ်နိုင်သည့်အခါတိုင်းတွင် ရရှိသည့်အချက်အလက်များ၏ အသုံးဝင်ပုံနှင့် ဆက်စပ်သည့် ယေဘုယျတုံ့ပြန်ချက်များ ပြန်ပေးရန် ရည်ရွယ်ထားသည်။ အချက်အလက်များကို သေချာစွာစစ်ဆေးပြီး စိစစ်သုံးသပ်ရန် အချိန်ယူရသကဲ့သို့ ယန္တရားနှင့် နောက်ထပ်ဆက်သွယ်မှုများ ပြုလုပ်ခြင်းကြောင့် အချက်အလက်ပေးသူများ၏ ဘေးကင်းမှုနှင့် ပုဂ္ဂိုလ်ရေးရာလုံခြုံမှုများကို ထည့်သွင်းစဉ်းစားရသောကြောင့် တုံ့ပြန်ချက်များကို ချက်ချင်း အကြောင်းမပြန်ပေးနိုင်ပါ။

စုံစမ်းစစ်ဆေးမှု လုပ်ငန်းများ၏ တိုးတက်မှုများနှင့် စပ်လျဉ်းသည့် အထွေထွေ ထုတ်ပြန်ချက်များကို ယန္တရား၏ သတင်းလွှာ၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ နှင့် အထွေထွေညီလာခံများထံ တင်ပြသည့် ထုတ်ပြန်ချက်များတွင် ဖတ်ရှုနိုင်သည်။ ယန္တရားထံမှ သတင်းများကို ဖေ့စ်ဘုတ်စာမျက်နှာ တွင် ဝင်ကြည့်ပါ။